# ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေး နှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ

( ၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၆၉ ။ )

# ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်) အက်ဥပဒေ

( ၁၉၅၄ ခုနှစ်၊ အက်ဥပဒေ အမှတ် ၆၉ ။ )

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည် ။

၁။ ဤအက်ဥပဒေကို **၁၉၅၄ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့(ပြင်ဆင်ချက်) အက်ဥပဒေ** ဟုခေါ်ရမည် ။

၂။ နောက်တွင် "အဆိုပါအက်ဥပဒေ" ဟု ရည်ညွှန်းသည့် ၁၉၅၁ ခုနှစ် နိုင်ငံတော် ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေပုဒ်မ ၁၃ အစား ၊ အောက်ပါပုဒ်မကို ထည့်သွင်းရမည်။

"၁၃ ။ **ရန်ကုန် စည်ပင်သာယာရေး အဖွဲ့ ပျက်ပြယ်ခြင်း**

ရန်ကုန် စည်ပင်သာယာရေးအဖွဲ့ အက်ဥပဒေတွင် ဖြစ်စေ၊ အခြား တည်ဆဲတရား ဥပဒေများတွင်ဖြစ်စေ ၊ မည်သို့ပင်ပါရှိစေကာမူ ၁၉၅၁ ခုနှစ် ၊ နိုင်ငံတော် ပြည်သူ့အိုးအိမ် ပြန်လည် ထူထောင်ရေး နှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ စတင်အာဏာမတည်မီက ရန်ကုန် စည်ပင်သာယာရေးအဖွဲ့ အက်ဥပဒေ ပုဒ်မ ၄ အရ၊ ဖွဲ့စည်းထားသော စည်ပင်သာယာရေးအဖွဲ့သည် အဆိုပါ ၁၉၅၄ ခုနှစ် ၊ နိုင်ငံတော် ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ စတင်အာဏာတည်သည့်နေ့တွင် ပျက်ပြယ်ရမည်။ ထို့ပြင် ထိုစည်ပင် သာယာရေး အဖွဲ့ကလည်းကောင်း ၊ထိုအဖွဲ့၏ ဥက္ကဋ္ဌကလည်းကောင်း ၊ အဆိုပါ စည်ပင်သာယာရေးအဖွဲ့ အက်ဥပဒေအရ သုံးစွဲဆောင်ရွက်နိုင်မည့် အာဏာနှင့် တာဝန် ဝတ္တရားအားလုံးကို ၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်မဆန့်ကျင်စေဘဲ ၊ ဤအက်ဥပဒေအရ ဖွဲ့စည်းထားသော အဖွဲ့က သုံးစွဲ ဆောင်ရွက်နိုင်ရမည်။ ထို့ပြင် ထိုစည်ပင်သာယာရေးအဖွဲ့၏ လက်ရှိ ပစ္စည်းအားလုံးနှင့် ကြွေးမြီ တာဝန်အားလုံးကို အဖွဲ့က ဆက်ခံရမည့်ပြင် ၊ ထိုစည်ပင် သာယာရေးအဖွဲ့က ချုပ်ဆိုခဲ့သော ပဋိညာဉ်အားလုံးကိုလည်း အဖွဲ့က ချုပ်ဆိုသည်ဟု မှတ်ယူရမည်။

၃။ အဆိုပါ အက်ဥပဒေပုဒ်မ ၁၇ အစား ၊ အောက်ပါပုဒ်မကို ထည့်သွင်းရမည်။

"၁၇။ ။ ရန်ကုန် စည်ပင်သာယာရေးအဖွဲ့ အက်ဥပဒေတွင် မည်သို့ပင် ရှိစေကာမူ အဆိုပါ ရန်ကုန် စည်ပင်သာယာရေးအဖွဲ့၏ ရာထမ်း မှုထမ်း အားလုံးသည် ၊ အဖွဲ့၏ ရာထမ်း မှုထမ်းများဖြစ်ရမည်။

**အဖွဲ့၏ ရာထမ်း မှုထမ်းများ ဖြစ်ခြင်း**

၄။ အဆိုပါ အက်ဥပဒေပုဒ်မ ၂၇ တွင် ပုဒ်မခွဲ (၂) ကို ပယ်ဖျက်ရမည်။

၅။ အဆိုပါ အက်ဥပဒေပုဒ်မ ၃၂ တွင် ပုဒ်မခွဲ (၁) ၏ ခြွင်းချက်ကို ပယ်ဖျက်ရမည်။

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည် ။

ဦးဘဦး ၊

နိုင်ငံတော်သမ္မတ ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော် ။

---------- ။ ----------